**အာဆီယံလူ့စွမ်းအားဗဟိုဌာန**

၁၉၉၅ ခုနှစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် အာဆီယံနိုင်ငံ့ ဝန်ထမ်းဆိုင်ရာကွန်ဖရင့် (8th ACCSM) တွင် အဓိကဦးတည်ချက်တစ်ရပ်အဖြစ် “အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိနိုင်ငံနှင့် သင့်လျော်သော နိုင်ငံအုပ်ချုပ်ရေးဆိုင်ရာ နယ်ပယ်တစ်ခုခု၌ အာဆီယံလူ့စွမ်းအားဗဟိုဌာန (ASEAN Resource Centre–ARC) တည်ထောင်ထားရှိပြီး ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် သတင်းအချက်အလက်များ ရရှိဖလှယ်နိုင်ရေး ဆောင်ရွက်ရန်” ဟု ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် “အာဆီယံလူ့စွမ်းအားဗဟိုဌာန” ဖွင့်လှစ်ထားရှိနိုင်ရေးအတွက် ၁၄-၅-၂၀၀၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အာဆီယံအဖွဲ့ဆိုင်ရာဦးဆောင်ကော်မတီအစည်းအဝေး(၁/၂၀၀၃)သို့ တင်ပြခဲ့ရာ “မူ”အားဖြင့်လည်းကောင်း၊ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာကွန်ဖရင့် (12th ACCSM) ၌ မြန်မာနိုင်ငံမှ (ASEAN Resource Centre for Training of Trainers for Civil Service) တည်ထောင်ဖွင့်လှစ်ရန် အဆိုပြုချက်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီမှုဖြင့်လည်းကောင်း၊ ၅-၈-၂၀၀၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃၀/၂၀၀၄)၏ ခွင့်ပြုချက်အရလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် အာဆီယံလူ့စွမ်းအားဗဟိုဌာနကို “နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများအတွက် လေ့ကျင့်သင်ကြားရေး အာဆီယံလူ့စွမ်းအားဗဟိုဌာန” (ASEAN Resource Centre for Training of Trainers for Civil Service) အဖြစ် (ယခင်) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ (ယခု)ပြည်ထောင်စုရာထူးဝန်အဖွဲ့အောက်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတွင် တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်နေ့တွင် မြန်မာနိုင်ငံမှ တာဝန်ယူကျင်းပခဲ့သည့် (၁၇) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအစည်းအဝေး (The Heads of Civil Service Meeting for the 17th ASEAN Conference on Civil Service Matters) ၌ ARC ၏ လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ရန် လိုအပ်ပြီး အရှိန်မြှင့်တင်ဆောင်ရွက်ရန် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ အာဆီယံလူ့စွမ်းအား

ဗဟိုဌာနကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ဌာနခွဲတစ်ခုအဖြစ် တိုးချဲ့ဖွဲ့စည်းရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ၅-၁၂-၂၀၁၄ ရက်စွဲပါခွင့်ပြုချက်ဖြင့် ၁-၁-၂၀၁၅ ရက်နေ့မှစ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံတွင် အရာထမ်း (၈)ဦးနှင့် အမှုထမ်း (၉)ဦး၊ စုစုပေါင်း (၁၇) ဦး ဖြင့် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အာဆီယံလူ့စွမ်းအားဗဟိုဌာန၏ လုပ်ငန်းအကောင်အထည်ဖော်မှုအနေဖြင့် "နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်ရေးသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ" များကို ၂၀၀၅ ခုနှစ်မှ စတင်ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ရာ ၂၀၁၅ ခုနှစ်အထိ ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ သင်တန်းဆရာ / ဆရာမများအတွက် သင်တန်း (၁၂) ကြိမ်နှင့် ၂၀၁၃ ခုနှစ်တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) နိုင်ငံမှ နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများအတွက် သင်တန်း (၁) ကြိမ် စုစုပေါင်း (၁၃) ကြိမ် ဖွင့်လှစ်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများမှ လေ့ကျင့်သင်ကြားရေးပိုင်းကို တာဝန်ယူဆောင်ရွက်သည့်အရာထမ်း၊ အမှုထမ်း (၄၇၆) ဦးအား လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။

အာဆီယံလူ့စွမ်းအားဗဟိုဌာန၏ ဦးစားပေးနယ်ပယ်နှင့် လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိသော "နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများအတွက် လေ့ကျင့်သင်ကြားရေးအာဆီယံလူ့စွမ်းအားဗဟိုဌာန (ASEAN Resource Centre for Training of Trainers for Civil Service – TOT)" အစား "ပြည်သူ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးလှုံ့ဆော်မြှင့်တင်ပေးခြင်းအတွက် အာဆီယံလူ့စွမ်းအားဗဟိုဌာန (ASEAN Resource Centre for Public Service Motivation)" ဟု ပြောင်းလဲနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ ၂၄-၄-၂၀၁၇ ရက်စွဲပါခွင့်ပြုချက်အရလည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ၌ ၂၀၁၇ ခုနှစ်၊ မေလ (၁၁) ရက်နှင့် (၁၂) ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် Preparatory Meeting and the Senior Officials Meeting of the 19th ACCSM အစည်းအဝေး၌ တင်ပြဆွေးနွေးခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သည့် ASEAN Heads of Civil Service Meeting of the 19th ACCSM အစည်းအဝေးတွင် အတည်ပြုချက်ရယူခဲ့ပါသည်။